ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ

၁။ပင်လည်ဘူးမြို့နယ်မြေပုံ ........ 2

၂။မံစီလေးအုပ်စုမြေပုံ ........ 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........ 4

၄။ကျေးရွာအခြေခံအချက်အလက်များ ........ 4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........ 5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ... 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 26

၈။ကော်မတီဝင်များစာရင်း ........ 31

၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ........ 31

၁၀။ပုံစံစ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား ........ 35

၁၁။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........ 37

၁၂။ပုံစံစ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ........ 39


၁၃။အစည်းအဝေးမှတ်တမ်းများ ........ 41

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ် ........ 45

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်

ပင်လည်ဘူးမြို့နယ် UTM မြေပုံ



၂။မံစီလေးအုပ်စုမြေပုံ

## မံစီလေးကျေးရွာအုပ်စု




ရည်ညွှန်းချက်

ကျေးရွာအုပ်စု

ကျေးရွာ

ချောင်း

ကားလမ်း

အုပ်စုနယ်နိမိတ်

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မံစီလေး၊ နန်းမော်ပင်၊ ချောင်းပေါက်၊ ပေဟွေဇရွတ် ကျေးရွာတို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

နန်းမော်ပင်ကျေးရွာကို လွန်ခဲ့သော ၁၁၈၀ ခုနှစ်တွင် အိမ်ခြေ(၁၅)အိမ်ခန့်ဖြင့်စတင်တည်ခဲ့ပြီး နတ်တစ်ပါး သည် နားထိန်နားချောင်း နှင့် နမော်ချောင်းဟူ၍ ရှိရာတွင် ဘယ်ချောင်းကို လိုက်ရမလဲဟု မောပန်းသွားသော ကြောင့် နတ်မောပင် ဟုစတင်ခေါ်ဆိုရာမှ နောက်ကာလများတွင် နန်းမော်ပင်ဟုပြောင်းလဲခေါ်ဆိုလာကြ သည်။ကျေးရွာတွင် ဗမာ လူမျိုးများ သာနေထိုင်ကြပြီး ယခုအခါ အိမ်ခြေအားဖြင့် (၇၅)အိမ်ထောင်စု နေထိုင် ကြပြီး မြို့နှင့် မိုင်(၁၈)မိုင်ခန့်ကွာဝေးပါသည်။ လမ်းပမ်းဆက်သွယ်ရေးအားဖြင့် မိုးတွင်းကာလတွင် အလွန် တရာ ခက်ခဲပြီး ပွင့်လင်းရာသီတွင် ပင်လည်ဘူး ဗန်းမောက်လမ်းသစ်မှ သွားလာရာတွင် ကောင်းမွန်ပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၇၅ | ၃၀၂ | ၁၈၇ | ၄၈၉ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀ | ၄ | ၆ | ၁၀ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | ၄ | ၂ | ၂ | ၄ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးရောင်း | လယ်ကူလီ |
| မြေပဲ | ဝက် | ကုန်သည် | |
| ကြက်သွန် | ကျွဲ | | |
| နှမ်း | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀ဧက | ၈၀ ဧက | ၁၃၀ ဧက | ရှိ | ၈ /- | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | - | ၃ | - | ၁ | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၅ | ၅၀ | ၃၀ | ၉၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၄၀ | ၃၆ | ၈ | ၁၁၀ | |
| | | | | | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | - | -/၁ | ၁ | ၃၀ | ၁၅၀ | - | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၁၈-၁၂-၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စုများ | ၃၅ | ၃၉ | ၇၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၉-၁၂-၂၀၁၆ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၆ | ၄၉ | ၈၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၉-၁-၂၀၁၅ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၃၆ | ၄၉ | ၈၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၁၉-၁-၂၀၁၅ | အမျိုးသား/သမီးများကော်မတီဝင်များ | ၃၆ | ၄၉ | ၈၅ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၁၉-၁-၂၀၁၅ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၃၆ | ၄၉ | ၈၅ | အကျိုးပြဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၉-၁-၂၀၁၅ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၃၆ | ၄၉ | ၈၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၈-၁-၂၀၁၅ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၃၅ | ၃၉ | ၇၄ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၈ | ကျားမ ရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၁၈-၁-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၅ | ၃၉ | ၇၄ | ပြဿနာ၊အခွင့်အရေး၊လက်ရှိ အခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည့်ပုံစံများ |
| ၉ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၁၉-၁-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၆ | ၄၉ | ၈၅ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** အုတ်တိုက်၊ ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၈ ဧကအထက်<br>**ကျွဲ၊ နွား-** ၅ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ဆန်စက်၊ ထွန်စက်၊ ၊ ကား၊ ဈေးဆိုင် | ၂၅ | ၃၃% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၅-၈ ကေကြား<br>**ကျွဲ၊ နွား-** ၅-၃ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက် | ၃၀ | ၄၀% |
| နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၃-၁ ကေကြား<br>**ကျွဲ၊ နွား-** ၃-၁ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ် | ၂၀ | ၂၇% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သက်ကယ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | - | - |
| စုစုပေါင်း | | စုစုပေါင်း | ၁၀၀ |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

ရာသီအလိုက် စိုက်ပျိုးသီးနှံများ၊ ရိတ်သိမ်းမှုများ၊ စိုက်ပျိုးချိန်အတွင်း နေ့စားလုပ်ငန်းရှိ/မရှိ စသည်တို့အားဆွေးနွေးခြင်း၊ မွေးမြူရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုရှိ/မရှိ၊ ဂမ်းစာအခြေအနေ၊ ပွဲတော်များအကြောင်းဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကဆုန်၊ နယုန်လများတွင် စပါးပျိုးကာ၊ ဝါခေါင်လတွင် စိုက်ပျိုးကြပါသည်။ စပါး၊ မြေပဲ၊ ကြက်သွန် စသည်တို့ကိုစိုက်ပျိုးကာ ရာသီအလိုက် သီးနှံပေါ်ထွန်းချိန်၌သာ နေ့စားလုပ်ငန်းများရှိပြီး တစ်နေ့ဝင်ငွေ (၃၀၀၀)ကျပ် နှုန်းဖြင့်လုပ်ကိုင်ကြောင်းသိရှိရပါသည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက် များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နေ့စားလုပ်ငန်း စသဖြင့် အိမ်ထောင်စုတစ်စု၏ တစ်နှစ်တာဝင်ငွေ (၁၀၀၀၀၀၀)ကျပ်ခန့် ရရှိနိုင်ပါသည်။ ဂမ်းစာဖူလုံမှု အခြေအနေမှာ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဖူလုံမှုမရှိကြကြောင်းသိရှိရပါသည်။ မိုးရာသီတွင် ရံဖန်ရံခါ လေပြင်းတိုက်ခြင်း၊ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ပွင့်လင်းရာသီတွင် ပြောင်းရွှေ့လုပ်သားများရှိကြောင်း၊ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြောင်း သိရှိရပါသည်။ လရာသီတိုင်း ရာသီအလိုက် ပွဲတော်များ၊ အလှူမင်္ဂလာပွဲများကျင်းပပြုလုပ်ကြကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

နန်းမော်ပင်ကျေးရွာအတွင်းတွင်ရှိသော အဆောက်အဦများနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအားဆွေးနွေးခြင်း၊ သောက်သုံးရေရရှိမှုအခြေအနေများအားဆွေးနွေးခြင်း၊ လူနေထိုင်မှုပုံစံ၊ ကျန်းမားရေးအခြေအနေများအားဆွေးနွေးခြင်း။

**သုံးသပ်ချက်**

နန်းမော်ပင်ကျေးရွာတွင် စီပွားရေးအဆင့် အမျိုးမျိုးရှိပြီး လူမျိုးစုခွဲခြားမှုမရှိဘဲ စုစည်းစွာနေထိုင်ကြပါသည်။ မံစီလေးကျေးရွာသည် ပင်လည်ဘူးမြို့နှင့် ၁၅မိုင်ခန့်ကွာဝေးပြီး ကျေးရွာတွင်းရှိလမ်းများ၊ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းနှင့်ကျောက်ခင်းလမ်းများ ဖြစ်သောကြောင့် မိုးတွင်းကာလများတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲမှုရှိပါသည်။ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူခြင်းကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာသောက်သုံးရေနှင့် ပတ်သက်၍ လက်တူးရေတွင်းများနှင့် ပိုက်ရေတွင်းများတူးဖော်ကာ သောက်သုံးကြပါသည်။ ဖူလုံမှုအားနည်းကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိ အဆောက်အဦများမှာ ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာဇရပ် စသည်ဖြင့် ရွာပိုင်အဆောက်အဦ များပြားစွာ ရှိကြောင်းတွေ့ရှိရပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




### ဆွေးနွေးချက်

သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များနှင့်ပတ်သက်၍ ကျေးရွာလူထုမှ အကျိုးခံစားမှုများဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ကိုင်စားသောက်ရသော အရင်းအမြစ်များနှင့်ပတ်သက်၍ ပြဿနာဆိုးကျိုးများ ဖြစ်ပေါ်နိုင်မှု အခြေအနေများဆွေးနွေးခြင်း။

### သုံးသပ်ချက်

နန်းမော်ပင်ကျေးရွာသည် နန်းမော်ချောင်းအတွင်းမှ သဲ၊ ကျောက် အရင်းအမြစ်များကို ထုတ်ယူသုံးစွဲနိုင်ပါသည်။ စီးပွားရေးလုပ်ကိုင်စားသောက်ရသော အရင်းအမြစ်များနှင့် ပတ်သက်၍ လယ်ယာမြေများအသုံးပြုကာ စပါး၊ ပဲအမျိုးမျိုး၊ နှမ်း စသည်တို့ကို စိုက်ပျိုးရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စားကျက်မြေများလည်းရှိပြီး တစ်နိုင်တစ်ပိုင် ကျွဲ၊ နွားများ မွေးမြူကြပါသည်။ မြေလွတ်၊ မြေရိုင်းများပေါ်များသော်လည်း နှစ်ရှည်သီးပင်များစိုက်ပျိုးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာပတ်လည်တွင် ရှိသော လယ်ကွင်းများနှင့် သစ်တောဧရိယာများမှာ ဆက်စပ်လျှက်ရှိပြီး သစ်တောတွင်းမှ တောထွက်ပစ္စည်းများ၊ ထင်းများ ထုတ်ယူသုံးစွဲနိုင်ကြောင်းသိရှိရပါသည်။

၅။ အမျိုးသား/သမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**ဆွေးနွေးချက်**

ပထမဦးစားပေးလုပ်ငန်းဖြစ်သော မူကြိုကျောင်းနှင့်ပတ်သက်၍ အခက်အခဲများအား ဆွေးနွေးခြင်း၊ ဖြေရှင်းနည်းလမ်းများဆွေးနွေးခြင်း၊ ကျေးရွာဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများအား ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကျေးရွာတွင်မူကြိုကျောင်းမရှိသည့်အတွက် ကလေးငယ်များအား ကျောင်းအပ်ရန်ခက်ခဲခြင်း၊ အမျိုးသမီးများဝင်ငွေရှာချိန် နည်းပါးခြင်း၊ လုပ်ငန်းချိန်လျော့နည်းခြင်း၊ အသိပညာဖွံ့ဖြိုးမှုအားနည်းခြင်း စသည်တို့ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းကြောင့် မိသားစုစားဝတ်နေရေး အဆင်မပြေမှုများဖြစ်နေကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်အခက်အခဲများကို ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သွားကြရန်ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)




**ဆွေးနွေးချက်**

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ကျေးရွာလူထုမှ ဖော်ထုတ်ဆွေးနွေးခြင်း၊ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ရွေးချယ်ရန် ဆွေးနွေးခြင်း၊ လုပ်ငန်းခွဲကုန်ကျငွေ ခန့်မှန်းတွက်ချက်ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် ဦးစားပေး(၁)အနေဖြင့် မူကြိုကျောင်း၊ ဦးစားပေး(၂) အနေဖြင့် စာသင်ကျောင်းပြုပြင်ခြင်း၊ ဦးစားပေး(၃) အနေဖြင့် ရွာချင်းဆက်တံတား(၂)စင်းတည်ဆောက်ခြင်း၊ ဦးစားပေး(၄) အနေဖြင့် ရွာတွင်းလမ်းကျောက်ခင်းခြင်း၊ ဦးစားပေး(၅) အနေဖြင့် စာကြည့်တိုက်တည်ဆောက်ခြင်းစသည်တို့အား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်သွားကြရန် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




**ဆွေးနွေးချက်**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောက်ရွက်နေသော ကျေးရွာတွင်းရှိ အဖွဲ့အစည်းများအား ဆွေးနွေးခြင်း၊ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အခြေအနေများအား ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကျေးရွာတွင်းရှိအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား/သမီးအဖွဲ့၊ မီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ စီမံကိန်းကော်မတီအဖွဲ့ စသည့်အဖွဲ့များမှ ကျေးရွာအကျိုးပြုလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အနေအထားမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ သစ်တောဌာန၊ တိမွေးကု၊ စိုက်ပျိုးရေး၊ မြေစာရင်းဌာန၊ ကျေးလက်ဦးစီးဌာန စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်နေကြောင်းသိရှိရပါသည်။

## ၉။ ကျား၊ မရေးရာခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

အရင်းအမြစ်သုံးစွဲမှုများတွင် အမျိုးသား/သမီး အသုံးပြုခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာများ ဆွေးနွေးခြင်း အမျိုးသား/သမီး တန်းတူအခွင့်အရေးရရှိခြင်း၊ အသုံးပြုမှုရရှိစေရန် ရည်ရွယ်ထားကြောင်း ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

လယ်၊ ယာမြေသစ်တော၊ နန်းမော်ချောင်း စသည့် သဘာဝပတ်ဝန်းကျင် အရစ်အမြစ်များအား အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရရှိပြီး လယ်ယာမြေများအား ထိန်းချုပ်ခြင်းတွင် အမျိုးသားများမှ ထိန်းချုပ်မှုရှိကြောင်းတွေ့ရှိရပါသည်။ သီးနှံစိုက်ပျိုးရောင်းချမှု၊ သစ်တောထွက်ပစ္စည်းများ အသုံးပြုမှုကို အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရှိပြီး ထိန်းချုပ်မှု အပိုင်းတွင်လည်း တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။ လက်ဝတ်ရတနာဖြစ်သော ရွှေထည်ပစ္စည်းများအား အမျိုးသား/သမီး အသုံးပြုခွင့်တူညီသော်လည်း ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးများမှ ထိန်ချုပ်မှုရှိကြောင်း တွေ့ရှိရပါသည်။

## ၁၀။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် အမျိုးသား/သမီးများ ပူးပေါင်းပါဝင်နိုင်မှု အခြေအနေများဆွေးနွေးခြင်း၊ အမျိုးသား/သမီး တန်းတူအခွင့်အရေးရရှိနိုင်ရေး အခြေအနေများအားဆွေးနွေးခြင်း၊ အမျိုးသမီးများ၏အားနည်းချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း။

## သုံးသပ်ချက်

ပူးပေါင်းပါဝင်မှု၊ ဦးဆောင်ဆုံးဖြတ်ချက်ချမှုနေရာများတွင် အမျိုးသမီးများမှ အမျိုးသားများထက် နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် တန်းတူသင်ကြားခွင့်ရှိပြီး အိမ်မှုကိစ္စများဆောင်ရွက်ရာတွင် သာလွန်၍ ဆောင်ရွက်ရကြောင်းသိရှိရပါသည်။ အရင်းအမြစ်အပေါ် အသုံးချမှုများတွင်လည်း တန်းတူအသုံးချမှုရှိပြီး ဝင်ငွေရှာနိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်းရှိမှုများတွင် အမျိုးသားများမှ ပိုမိုရရှိကာ အမျိုးသမီးများအား ဖေးမလက်တွဲကာ နေရာပေးသင့်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

လမ်းပမ်းဆက်သွယ်ရေး အခြေအနေများမှာ ယခုအခြေအနေထက် တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ထားရှိမှု အခြေအနေများအား ဆွေးနွေးခြင်း၊ ကျေးရွာ၏ပညာရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ကောင်းမွန်လာရန် ဆောင်ရွက်သင့်သည့် အချက်များအား ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

စီမံကိန်းပထမနှစ်တွင် စာသင်ကျောင်းပြုပြင်ခြင်းလုပ်ငန်းလုပ်ဆောင်ခဲ့ခြင်း၊ ဒုတိယနှစ်တွင် ရွာချင်းဆက်လမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး နောင်နှစ်များစွာတွင် ရွာတွင်းလမ်းများ၊ ရွာချင်းဆက်လမ်းများ၊ လမ်းပမ်းဆက်သွယ်ရေး အခြေအနေများတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဖက်ဖက်၌တိုးတက်ကောင်းမွန်လာရမည်။ ကျေးရွာဈေးများရှိလာပြီး အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာကာ လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။ သောက်သုံးရေ လုံလောက်စွာရရှိလာနိုင်ရမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ကျေးရွာလိုအပ်ချက် အခက်အခဲများကိုဖော်ထုတ်ပြီး ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သွားကြရန် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ပထမနှစ်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ပြီးမှတ်တမ်းဓါတ်ပုံ



ပထမနှစ်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ပြီးမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးတုပ်ကြီး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်မြင့်ဌေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးမျိုးလွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်လှလှဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးကံဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမြင့်ဇော် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်စိန်ကြည် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သန်းအေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးမျိုးဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဒေါ်လှထွေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ခိုင်ဇင်လင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးအောင်မင်းထွန်း | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးမင်းလွင် | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်သူဇာဝင်း | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးဇော်မျိုးဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အေးစိုး | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်         ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးမင်းအောင်   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

ဒေါ်အေးငြိမ်း   ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊စာရင်းကိုင်


**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နန်းမြတ်မွန်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၃ /၁ / ၂၀၁၇၉။

## ပုံစံ စ-၁။ ကျေးရွာအချက်အလက်



လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာကစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | 09-444298843 | [illegible] |

| ပြည်နယ်/တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၇၉ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၇၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၉ | | |
| သက်ကြီးရွယ်အိုများ(၆၅ နှစ်နှင့် အထက်) | ၁၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၃၀၂ | ၁၈၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၆၃ | ၁၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် ဓာတ်ပုံ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း ✓
ကျောက်ခင်းလမ်း ✓ မြေသားလမ်း ✓ လူသွားလမ်း ✓ အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ ✓ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ✓ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၂၀ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။ ရှိ

(၁) --[illegible]----------


(၂) --------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦး.ဘဘပို

လက်မှတ် (signature) — နေ့စွဲ ၁၈.၁၂.၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်နန်း-မြတ်မွန်

လက်မှတ် — နေ့စွဲ ၁၈.၁၂.၂၀၁၆


လူထုဗဟိုပြု ဖွံ့ဖြိုးရေးစီမံကိန်း၊ စမကနးလကစွ အပုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်နန်းမြတ်မွန် | | | | | | |
| နေ့စွဲ | ၁၉.၁၂.၂၀၁၆ | | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | စစ်ကိုင်း | မြို့နယ် | [illegible] | ကျေးရွာအုပ်စု | ဖုံစီးကား | ကျေးရွာ | နန်းဖော်ပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၁၂.၂၀၁၆ | ၁၈.၁၂.၂၀၁၆ | ၃၅ | ၃၉ | ၇၄ | ဗမာ \| ၇၄ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၁၂.၂၀၁၆ | ၁၉.၁၂.၂၀၁၆ | ၃၆ | ၄၉ | ၈၅ | ဗမာ \| ၈၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

[illegible] အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်



### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမြတ်မွန် | | | |
| နေ့စွဲ ၁၉ - ၁၂ - ၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု မဲစီးလား | ကျေးရွာ နန်းမော်ပင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း ဗွက်ထူထပ်ခြင်း | ၁ | ကလေးများ ပညာရေးနိမ့်ကျခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု အားနည်းခြင်း |
| ၂ | ကလေးများ ပညာရေးနိမ့်ကျခြင်း | ၂ | ပညာဗဟုသုတ အားနည်းခြင်း |
| ၃ | ပညာဗဟုသုတ အားနည်းခြင်း | ၃ | ရွာတွင်းလမ်း ဗွက်ထူထပ်ခြင်း |
| ၄ | ကလေးများ ပညာသင်ကြားရာတွင် စာအုပ်စာတမ်း [illegible] ရခြင်း | ၄ | ကလေးများ (စာအုပ်စာတမ်း [illegible] ရခြင်း) |
| ၅ | ရွာချင်းဆက်တံတားများ မကောင်းသောကြောင့် ကားများ မသွားလာနိုင်ခြင်း | ၅ | ရွာချင်းဆက်တံတားများ မကောင်းသောကြောင့် ကားများ မသွားလာနိုင်ခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကျောက်ခင်းလမ်း ဖြစ်ရမည် | ၁ | ရွာတွင်းလမ်း ကျောက်ခင်းလမ်း ဖြစ်ရမည်။ |
| ၂ | မူကြိုကျောင်းများ ရှိရမည်။ | ၂ | မူကြိုကျောင်းများ ရှိက ကလေးများ ပညာရေး မြင့်မားလာ[illegible] |
| ၃ | စာကြည့်တိုက် ရှိရမည် | ၃ | အသိပညာဗဟုသုတများ ကြွယ်ဝလာရမည်။ |
| ၄ | စာသင်ကျောင်း ပြုပြင်မွမ်းမံ ရမည်။ | ၄ | စာသင်ကျောင်း ပြုပြင်မွမ်းမံ ရမည်။ |
| ၅ | ရွာချင်းဆက်တံတား၊ လမ်းများကောင်းမွန်ရမည်။ | ၅ | ရွာချင်းဆက်တံတား၊ လမ်းများကောင်းမွန်ရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း | မ | ၈,၀၀၀,၀၀၀ | ၄၈၉ ဦး |
| ၂ | စာသင်ကျောင်း[illegible] | က / မ | ၅,၀၀၀,၀၀၀ | ၄၈၉ ဦး |
| ၃ | ရွာချင်းဆက်တံတား (၂)စင်း | က / မ | ၆,၀၀၀,၀၀၀ | ၄၈၉ ဦး |
| ၄ | ရွာတွင်းလမ်း ပြုပြင်ခြင်း | က / မ | ၁၅,၀၀၀,၀၀၀ | ၄၈၉ ဦး |
| ၅ | စာကြည့်တိုက် | က / မ | ၈,၀၀၀,၀၀၀ | ၄၈၉ ဦး |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်နှင်းခြတ်ရှင် | | |
| နေ့စွဲ ၁၉.၁၂.၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | - စပါးမျိုးကောင်း၊ သွင်းအားနည်း | ၁ | - ရိုက်ပျိုးမှုနည်းပညာ အားနည်းခြင်း |
| ၂ | - စက်ပြင်း၊ ကြားကောင်းသတင်း | ၂ | - စက်ချုပ်၊ ဆေးဝါး၊ ပေါင်းဝါး၊ လက်မှု |
| ၃ | မရှိခြင်း၊ မဝါတက်ကျောက်မိုးခြင်း | ၃ | ပညာ အားနည်းခြင်း |
| ၄ | - ဈေးကွက်(ငါး) နည်းစနစ် | ၄ | - ငါးဈေးကွက် နည်းစနစ်များ |
| ၅ | များ မသိရှိခြင်း | ၅ | မသိရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | - ရိုက်ပျိုးမှုနည်းစနစ်များ မြှင့် | ၁ | - လက်မှုပညာများ တတ်မြောက်လာရမည် |
| ၂ | မားတင်၍ တက်လာရမည် | ၂ | - ရိုက်ပျိုးနည်းစနစ်များ သိရှိလာရမည် |
| ၃ | - အလုပ်အကိုင်အခွင့်အလမ်း | ၃ | - ငါးဈေးကွက်နည်းပညာများ လုပ်ကိုင် |
| ၄ | များ ပေါများလာရမည် | ၄ | ကာ ဝင်ငွေများ တိုးပွားလာရမည် |
| ၅ | - ဈေးကွက်နည်းစနစ်များ သိရှိလာရမည် | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |

လူထုပူးပေါင်းပါဝင်မှု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ယ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စပါးမျိုးကောင်း/သီးနှံ ရရှိရေး | ကျ/မ | |
| ၂ | စက်ပြင် သင်တန်း | ကျ | |
| ၃ | အထိုး၊ပန်းထိုး၊အပ်ချုပ်သင်တန်း | မ | |
| ၄ | စိုက်ပျိုးနည်းပညာရရှိရေး | ကျ/မ | |
| ၅ | မွေးမြူရေးနည်းစနစ်များရရှိရေး | ကျ/မ | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဝင်းကြီး--- လက်မှတ်--------- နေ့စွဲ---၁၉.၁၂.၂၀၁၆

## ၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)


လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

## ၁၃။ အစည်းအဝေး မှတ်တမ်းများ



ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........နှင်းဆော်ပင်........

ကျေးရွာအုပ်စု ........[illegible]........

အစည်းအဝေးပြုလုပ်သည့်နေရာ ........[illegible]........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........၁၈.၁၂.၂၀၁၆........

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ........[illegible]........

အစည်းအဝေး တက်ရောက်သူဦးရေ။ ။ ကျား ( ၃၅ ) ဦး၊ မ ( ၃၉ ) ဦး = ( ၄၇ ) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းပေါ်တွင် ပါဝင်ရမည်။

ဆွေးနွေးချက်များ

[illegible]

- လူမှုစီးပွား အခြေခံသော မှတ်ချက် စံနှုန်းများ ထားရှိကာ ကျေးရွာလူထုမှ ခွဲခြားသော မှတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာလူထုအား တာဝန်ခွဲခြား၊ အခွင့်အရေးများ အား အသေးစိတ် ရှင်းပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်သွားကြရန် ဆွေးနွေးခဲ့ကြပါသည်။

ဆုံးဖြတ်ချက်များ

- ကျေးရွာစေတနာ့ဝန်ထမ်းအား အများသဘောဖြင့် ရွေးချယ်ရန်။
- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ကျေးရွာလူထု ကိုယ်တိုင် ရေးဆွဲသွားကြရန်။
- စီမံကိန်း မူဝါဒများအတိုင်း ဆောင်ရွက်ရန်။
- ကျေးရွာလူထုမှ ပူးပေါင်းဆောင်ရွက်ကြရန်။

သဘောတူညီချက်များ

- အများသဘောဖြင့် စေတနာ့ဝန်ထမ်းကို ရွေးချယ် အတည်ပြုခဲ့ပါသည်။
- ဒုတိယအဆင့် စီမံကိန်း ကဲ့သို့ပင် တတိယအဆင့် စီမံကိန်းတွင်လည်း ပူးပေါင်း ဆောင်ရွက်ပေးကြရန်။
- ကျေးရွာလူထု အကြံပေးမှုများဖြင့် စီမံကိန်း ကောင်းမွန်သည်ထက် ကောင်းမွန်စွာ ဆောင်ရွက်သွားကြရန်။

မှတ်တမ်းတင်သူ ကေးမိုး
ဒေါ်ကေးမိုး

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်
ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ......နန်းဒေါ်ပင်......
ကျေးရွာအုပ်စု ......ခဲ့ခြေကား......
အစည်းအဝေးပြုလုပ်သည့်နေရာ ......ဇရပ်......
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ......၁၉..၁၂.၂၀၁၆......
အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ......တတိယနှစ် ဒီမဲ့ကိုင် ... ပ.ထ.ဓ.က ကော်မတီ ဆက် အစည်းအဝေး၊ ကော်မတီနှင့်စည်း၊ ခြင်းဖြင့် လုပ်ငန်းစဉ် ရွေးချယ်ခြင်း......
အစည်းအဝေး တက်ရောက်သူဦးရေ။ ။ ကျား ( ၃၆ ) ဦး၊ မ ( ၄၉ ) ဦး = ( ၈၅ ) ဦး
ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်များ

- လူထုစည်းရုံးရေးမှူး မှ ကော်မတီ ပြန်လည်ဖွဲ့စည်း ကာလ ၃ လ ပြည့်၍ ဆွေးနွေး ပြောကြားခဲ့ပါသည်။
- ဒုတိယနှစ် ကော်မတီဝင်များ၊ ကျေးရွာလူထု ပြန်လည်သုံးသပ်ခြင်း များ ပြုလုပ်ကာ ဆွေးနွေးကြခြင်း၊
- ကျေးရွာလူထု အများသဘောတူညီမှုဖြင့် ကော်မတီများ ရွေးချယ်ကြရန် ဆွေးနွေးခဲ့ကြပါသည်။
- ကျေးရွာ၏ ဦးစားပေး လုပ်ငန်းစဉ်များ အား ဦးစားပေး ကာလ သတ်မှတ်ခြင်းများ၊ အမျိုးသမီး ကောင်းကျိုးဖြစ်သော လုပ်ငန်းစဉ်များ အား ထည့်သွင်း ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။
- ဦးစားပေး လုပ်ငန်းများ အား ပြဿနာသစ်ပင် ရေးဆွဲကာ အကျိုးသက်၊ အကြောင်းရင်း မှ ဖြစ်ပေါ်လာပုံ များအား ဆွေးနွေးခဲ့ကြပါသည်။
- ကျေးရွာ၏ လူမှုရေးပြမြေပုံ၊ အရင်းအမြစ်ပြမြေပုံ၊ အနာဂတ်မြေပုံ များ ရေးဆွဲခြင်း၊ သုံးသပ်ဆွေးနွေးခြင်းများအား ကော်မတီဝင်များမှ ဦးဆောင်ကာ ပြုလုပ်ခဲ့ကြပါသည်။

- ကျေးရွာအရင်းအမြစ်များနှင့်ပတ်သက်၍ အမျိုးသား၊ သမီး ပိုင်ဆိုင်မှု ခွဲခြားစိတ်ဖြာခြင်း ဆိုင်ရာ အသုံးပြုမှု၊ ထိန်းချုပ်မှု များနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။
- ကျေးရွာအချက်အလက်၊ လူမှုဆိုင်ရာ ခွဲခြမ်းဆိုင်ရာ သုံးသပ်ဆွေးနွေးချက်များ၊ ကျေးရွာလူထု၊ ကော်မတီဝင် များ၏ တာဝန်ဝတ္တရားများအား ရှင်းပြဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်များ

- စီမံကိန်း ဆိုင်ရာ အစည်းအဝေး များ ပြုလုပ်ပါက ကျေးရွာလူထုမှ တက်ရောက်ကြရန်။
- ဦးစားပေး လုပ်ငန်းခွဲ များ ရွေးချယ်ပေးရန်။
- ကော်မတီဝင်များ ပြန်လည် ဖွဲ့စည်းထားရှိရန်။
- ကော်မတီဝင်များနှင့် ကျေးရွာလူထု ပူးပေါင်းပါဝင်လုပ်ဆောင်ရန်။
- ပွင့်လင်းမြင်သာမှုရှိစွာ အသိပေး ဆောင်ရွက်ရန်။

သဘောတူညီချက်များ

- မူကြိုကျောင်း၊ ကျေးရွာချင်းဆက်တံတား များ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြပါသည်။
- ပြီးစီးခဲ့သော စီမံကိန်းလုပ်ငန်းမှ အတွေ့အကြုံ သင်ခန်းစာများဖြင့် ပြန်လည် လုပ်ဆောင်သွားကြရန်။
- ယခုကျေးရွာ စီမံကိန်းအား ကျေးရွာလူထု အကြံပြုမှုများဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရန်။

မှတ်တမ်းတင်သူ
အေးမိ
ဒေါ်အေးမိ

# ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အနှစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

မှုရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ နှင်းမော်ပင်

MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရေကြီး ကျောင်း | ☐ ကျား ☑ မ | | |
| | ၂ | စာသင်ကျောင်းပြုပြင် | ☑ ကျား ☑ မ | | |
| | ၃ | တံတား (၂) စင်း (ရွာအဝင်အထွက်) | ☑ ကျား ☑ မ | | |
| | ၄ | ရွာတွင်းလမ်း ကျောက်ခင်းခြင်း | ☑ ကျား ☑ မ | | |
| | ၅ | [illegible] | ☑ ကျား ☑ မ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စပါးမျိုးကောင်း / မျိုးသန့် | ☑ ကျား ☑ မ | | |
| | ၂ | စိုက်ပျိုးမွေးမြူပညာ | ☑ ကျား ☑ မ | | |
| | ၃ | စက်ချုပ် /လက်မှုပညာသင်တန်း | ☐ ကျား ☑ မ | | |
| | ၄ | စက်မြှင်သင်တန်း | ☑ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | ဆေးပေးခန်း | ☑ ကျား ☑ မ | | |
| | ၂ | ဆေးဝါးပစ္စည်းများ | ☑ ကျား ☑ မ | | |
| | ၃ | ကျန်းမာရေးဆရာမ | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | ကျောင်းပရိဘောဂ | ☑ ကျား ☑ မ | | |
| | ၂ | သင်ထောက်ကူပစ္စည်းများ | ☑ ကျား ☑ မ | | |
| | ၃ | မူကြို ဆရာမ | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | လျှပ်စစ်မီး လင်းရေး | ☑ ကျား ☑ မ | | |
| | ၂ | ကျေးရွာခန်းမဆောင် | ☑ ကျား ☑ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |